
**Monday**

# 9

၁၃၇၃ ကဆုန်လဆန်း (၇) ရက်၊ တနင်္လာနေ့





သမားညီ

တနင်္လာဂြိုဟ် ကရကဋ်ရာသီသို့ကူးပြောင်းသည်။ ကြာသပတေးဂြိုဟ်သည် မိဿရာသီသို့ကူးပြောင်းသည်။ လူသားတိုင်း၏ကံကြမ္မာတွင် ထူးခြားသောအပြောင်းအလဲရှိမည်။ စီစဉ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ တနင်္လာနံ၊ ကြာသပတေးနံလုပ်ငန်းလုပ်သူများ၊အဖို့ အခြားသောသူတို့ထက် အပြောင်းအလဲများရှိမည်။ ပညာရေးကိစ္စများ ဆောင်ရွက်နိုင်မည်။ ဖြန့်ဖြူးစေလိုသောအရာများကို ဖြန့်ဖြူးနိုင်သည်။ အနုပညာလုပ်ငန်းများ၊ ဖြန့်ချိရန်ရက်ကောင်းဖြစ်သည်။ ပဋိပက္ခများဖြေရှင်းနိုင်မည်။ သမားညီနေ့နှင့်တိုက်ဆိုင်ပေရာ အရာရာသတိနှင့်ယှဉ်၍လုပ်ရမည်။ အရင်းအနှီးများသောအလုပ်များ စတင်ရန်မသင့်။

**Tuesday**

# 10

၁၃၇၃ ကဆုန်လဆန်း (၈) ရက်၊ အင်္ဂါနေ့




ရေသောက်ကျဉ်း ရှမ်းရက်
သမားညီ၊ ဝါရမိတ္တုကြီး

လဆန်း (၈) ရက်နေ့ဖြစ်ပေရာ သစ်ပင်မစိုက်ရ။ အနိုက်အညှဉ့်ဖြစ်တတ်သည်။ မင်္ဂလာယူပြီးဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်ရန်မသင့်။ တစ်နေ့တာအရေးကြီးကိစ္စများ ဆောင်ရွက်မည်ဆိုက တောက်ပြောင်လွန်းသောအဝတ်များ မဝတ်ရ။ လူအများကြားပေါ်လွင်စေသော အဆင်အယင်များ မပြုဘဲ ရိုးရိုးရှင်းရှင်းဝတ်စားဆင်ယင်၍ အလုပ်ကိစ္စများဆောင်ရွက်ပါ။ စာရွက်စာတမ်းများ သတိနှင့်လက်မှတ်ထိုးပါ။ အလုပ်နေရာထိုင်ခင်းတွင် စာရွက်စာတမ်းများ စနစ်တကျထိန်းသိမ်းပါ။ သတင်းပေါက်ကြားခြင်း၊ စာရွက်စာတမ်းခိုးယူခံရခြင်းများကြုံမည်။